# ပါခါးထက်ကျေးရွာ

# ကျိုင်းတုံမြို့နယ်

## ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပါခါးထက်ကျေးရွာ၊ ကျိုင်းတုံမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ပါခါးထက်ကျေးရွာ သယံဇာတပြမြေပုံ၊ကျိုင်းတုံမြို့နယ်** | ၅ |
| ၁ | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | ၆ |
| ၂ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၆ |
| ၃ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ** | ၆ |
| ၄ | **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ** | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၉ |
| ၅ | **အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆ | **ပညာရေး** | ၁၁ |
| ၇ | **ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၂ |
| ၈ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၂ |
| ၉ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၃ |
| ၁၀ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၄ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၈ |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ | ၁၉ |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြုဇယား | ၅၆ |
| | နောက်ဆက်တွဲ(၄)ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) | ၆၃ |
| | နောက်ဆက်တွဲ(၅)ဦးစားပေးစီမံချက် အဆိုပြုလွှာ(၂) | ၆၅ |
| | နောက်ဆက်တွဲ(၆)ဦးစားပေးစီမံချက် အဆိုပြုလွှာ(၃) | ၆၇ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကို လည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ ရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်

လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပါခါးထက်ကျေးရွာ

လွယ်မွေအုပ်စု

ကျိုင်းတုံမြို့နယ်

## ပါခါးထက်ကျေးရွာ၏သယံဇာတပြမြေပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ပါခါးထက်ကျေးရွာသည် လွယ်မွေမြို့မှ အတွင်းဘက်သို့သွားရာတွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံး စိုက်ရာ ကျိုင်းတုံမြို့နှင့် ဆက်သွယ်သွားလာရခက်ခဲပါသည်။ကျေးရွာသည် တောင်ပေါ်ဒေသတွင်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ ဖြစ်ကြပါသည်။

ကျေးရွာ၏တစ်နှစ်ပျှမ်းမျှမိုးရေချိန်သည် လက္မ(၈၀)မှ(၁၀၀)ဝန်းကျင်ခန့်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းအတွက် အထောက်အကူပြုပါသည်။ကျေးရွာအနီးတွင် မြစ်ချောင်းများရှိပြီး မြေပြင်အနေ အထားမှာ တောင်ပေါ်ဒေသဖြစ်သည်။လယ်၊ခြံမြေများသည် စပါး၊ပြောင်း၊မြေပဲနှင့် ဟင်းသီး ဟင်းရွက်တို့ကို ရာသီအလိုက်စိုက်ပျိုးရန်အတွက်အဓိကအားထားရာဖြစ်သည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

လယ်နှင့်ခြံမြေအသင့်အတင့်ရှိကြပြီး တောင်ပေါ်ဒေသဖြစ်၍ မြေဆီဩဇာအသင့်အတင့် ကောင်းမွန်သည်မှအပ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ စိုက်ပျိုးရေးအတွက် မိုးရေနှင့် စိမ့်စမ်းရေကိုသာ အသုံးပြုကြသည်။ စိုက်ပျိုးနိုင်သည့်ဧက(၃၇.၈)ဧကရှိသည်။ စပါးကို အဓိကစိုက်ပျိုးပြီး မြေပဲ၊ပြောင်းအနည်းငယ်နှင့် ဟင်းသီးဟင်းရွက်တို့ကို အိမ်စားရန်အတွက် အဓိကထားစိုက်ပျိုး ကြသည်။စပါးကို ရောင်းချခြင်းအနည်းငယ်သာရှိပြီး ဝမ်းစာအတွက်သိုလှောင် ထားကြသည်။လက်ဖက်ကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၆)စုနှင့် ကျား(၈၁)၊မ(၆၇)ဦးရှိပြီး လူဦးရေပေါင်း(၁၄၈)ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၅.၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထာင်ပျမ်းမျှနှုန်း(၅)ဦးထက် ပိုများသည်။ ကျေးရွာတွင် လားဟူလူမျိုးများအများဆုံး နေထိုင်ကြပြီး တခြားလူမျိုးများလည်းအနည်းငယ်ရှိသည်။ အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေစုစုပေါင်း၏(၅၅.၄%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသ စီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိအမျိုးသမီး ဦးရေသည် အမျိုးသားဦးရေထက် နည်းသည်။ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်း ခဲ့ပါသည်။ကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးဆိုင်ရာ အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် မြေယာမဲ့တောင်သူအိမ်ထောင်စုများမရှိပါ။ ၁၂.၅ဧကအထက် ပိုင်ဆိုင်သည့် တောင်သူကြီးများနှင့် ၅ဧကမှ ၁၂.၅ဧကကြားပိုင်ဆိုင်သည့် တောင်သူလတ်များ မရှိပါ။တောင်သူငယ်(၄)အိမ်ထောင်စုနှင့် ဆင်းရဲသား တောင်သူ (၂၂)အိမ်ထောင်စုရှိပါသည်။ စပါးစိုက်ရာသီ ကုန်ဆုံးလျှင် အချို့သောအိမ်ထောင်စုများသည် အခြားလုပ်ငန်းများနှင့် လက်ဖက်ခင်းများတွင် နေ့စားကျပန်း အဖြစ်လုပ်ကိုင် ကြသည်။

ကျေးရွာတွင် စပါးနှင့် လက်ဖက် အဓိကထားစိုက်ပျိုးကြပြီး ပြောင်းနှင့် မြေပဲနှင့် ဟင်းသီးဟင်းရွက်အနည်းငယ်ကို အိမ်စားရန်အတွက် ရာသီအလိုက် စိုက်ပျိုးကြသည်။ စပါးစိုက်ဧက(၃၇.၈)ဧကရှိပါသည်။ သီးထပ်နှင့်နွေစပါး စိုက်ပျိုးခြင်း မရှိပါ။ စပါးပျှမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှကီလို(၈၀-၁၀၀)ကီလို ခန့်ထွက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ ဝန်ဆောင်မှုနှင့် ချေးငွေများမရရှိပါ။ စိုက်ပျိုးရေးကုမ္ပဏီများ မရှိသည့်အတွက် ဝန်ဆောင်မှုများ မရရှိနိုင်ပါ။တောင်သူများသည် လယ်ယာများတွင် အလုပ်သမား ဌာရမ်းလုပ်ကိုင်ခြင်း

အနည်းငယ်သာရှိပြီး ကိုယ်တိုင်လုပ်ကိုင်ကြသည်။ ထို့ကြောင့် အလုပ်သမားငှားရမ်း မရမှုများမရှိပါ။ စပါးစိုက်ခင်းများတွင် ရုံဖန်ရုံခါတွင် ငှက်၊ကြွက်၊ခရုဖျက်ပိုးများ ကျရောက်တတ်ပြီး နည်းပညာ အားနည်းသဖြင့် စနစ်တကျသုံးစွဲမှု အားနည်းသဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်း ရေးနည်းစနစ်နှင့် စိုက်ပျိုးရေးနှင့် ပတ်သတ်သည့် နည်းပညာပေး သင်တန်းများ၊ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ဈေးကွက်ဆိုင်ရာ အသိပညာတိုးတက်လာစေရန် ပြုလုပ်ပေးခြင်း၊ ဈေးကွက် ချိတ်ဆက်မှုများ လုပ်ဆောင်ပေးခြင်းစသည်တို့ လိုအပ်နေပါသည်။

ပါခါးထက်ကျေးရွာတွင် သဘာဝရေမြေရာသီဥတုမှာ သင့်တင့်မျှတသဖြင့် သီးနှံစိုက်ပျိုးရေး အတွက် အဆင်ပြေခြင်း၊မိုးရေဖြင့် အဓိကစိုက်ပျိုးကြပြီး ချောင်းရေယူ၍လည်း စိုက်ပျိုးလုပ်ကိုင် ကြသည်။ ကျေးရွာရှိလယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက်(၈)စီး၊ နှင့် မြက်ရိတ်စက်(၈)စီးရှိပြီး လယ်ယာလုပ်ကိုင်သူများသည် ကိုယ်ပိုင်စက်ကရိယာများဖြင့် ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းကြသလို ငှားရမ်း၍လည်း လုပ်ကိုင်ကြပါသည်။သီးနှံမျိုးစေ့များနှင့် စိုက်ပျိုးရေးဆိုင်ရာ မြေသြဇာများကို ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးထွက်ကုန်များကိုလည်း ကုန်သည်၊ပွဲစားများနှင့် ရွာတွင်လာရောက်ဝယ်ယူခြင်းများရှိပါသည်။ စိုက်ပျိုးရေးချေးငွေများကိုလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် ချေးယူနိုင်သော်လည်း မြို့နှင့်အလှမ်းဝေးသဖြင့် ချိတ်ဆက်နိုင်မှုအားနည်းသည်။

ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာမှာ ပိုးမွှားရောဂါကျရောက်မှု အများဆုံးဖြစ်ပေါ်ပါသည်။မြို့ပေါ်သို့သွားသည့်လမ်းကြောင်းပေါ်တွင် တည်ရှိသော်လည်း သီးနှံမျိုးစေ့ ရရှိနိုင်မှု၊သဘာဝမြေဆွေး/အော်ဂဲနစ်သွင်းအားစုများ၊ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ အလွယ်တကူမရရှိနိုင်ပေ။သီးနှံထွက်ကုန်များကို ဈေးနှုန်းမှန်ကန် စွာဖြင့် အလွယ်တကူရောင်းချနိုင်မှုနည်းပါးသည်။ မျိုးကောင်းမျိုးသန့်များ ရရှိနိုင်သည့် နေရာများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်နှင့် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

**(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း**

ကျေးရွာတွင် နွားမွေးသူအိမ်ထောင်စု(၁၀)စု နွားကောင်ရေ(၁၅)ကောင်။ ကျွဲမွေးသူအိမ်ထောင်စု(၁၄)စု ကျွဲကောင်ရေ(၂၃)ကောင်။ ဝက်မွေးသူအိမ်ထောင်စု(၂၆)စုမှ (၇၆)ကောင်၊ကြက်မွေးသည့် အိမ်ထောင်စု(၂၆)စု (၃၂၇)ကောင် စသည်ဖြင့် မွေးမြူကြသည်။

ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ ရေအလုံအလောက်နှင့် စားကျက်မြေ ရရှိနိုင်ပါသည်။ မွေးမြူရေးနည်းပညာဝန်ဆောင်မှုကို ကျိုင်းတုံမြို့နယ် မွေးကုဦးစီးဌာနမှ ရရှိသော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံ ဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်း ပိုင်းဆိုင်ရာတွင် အဟန့် အတားများ အနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင် တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူမရှိ နိုင်ကြပါ။ထုတ်ကုန်ရောင်းဝယ်မှုများတွင်လည်း စျေးကွက်မမီခြင်းများ ရှိသည့်အတွက် နည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

## (ဂ) စိုက်ပျိုးရေး မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအဖြစ် လက်ဖက်ခြောက်ပြုလုပ်ခြင်းနှင့် ပင်စိမ်းသီးအချဉ်စိမ်ခြင်းလုပ်ငန်းများ၊နေ့စားအလုပ်များနှင့် စျေးရောင်းခြင်းအနည်းငယ်သာရှိသည်။ အခြားလုပ်ငန်းများမှ ရာသီအလိုက် ဝင်ငွေရရှိမှုမှာ အနည်းငယ်မှ အတော်အသင့်အနေအထားတွင် ရှိသည်။ လက်လုပ် လက်စားအလုပ်များမှာ စိုက်ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင်များပြားပြီး ကျန်အချိန်များ တွင် ကျပန်းလုပ်ကိုင်ကြပြီး အလုပ်အကိုင်ရှားပါးမှုနှင့် ဝင်ငွေရရှိမှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားသော်လည်း တခြားအလုပ်အကိုင်အခွင့် အလမ်းများမရှိပါ။ ကျိုင်းတုံမြို့တွင် သက်မွေးဝမ်းကျောင်းသင်တန်းများကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ မော်တော်ဆိုင်ကယ်၊ဝပ်ရှော့ စသည့်လုပ်ငန်းများသည် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖြစ်သော်လည်း ရွာသားအများအနေဖြင့် အဆို ပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပါခါးထက်ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်မှ ချေးငွေဝန်ဆောင်မှုများမရရှိပါ။ တစ်ချို့တောင်သူများမှာ ပုံစံ(၇)ရရန် အခက်အခဲများ ရှိသည့်အတွက် ချေးငွေရယူခြင်းမရှိသည်များနှင့် မြို့နှင့်အလှမ်းကွာဝေးသောကြောင့်လည်း ဖြစ်ပါသည်။သမဝါယမချေးငွေသည်လည်း အသင်းဝင် ထားသည့်သူများကိုသာ ထုတ်ချေးပေးပါသည်။တခြား ဘဏ်နှင့်ဝန်ဆောင်မှုများ မရှိပါ။

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ လယ်သမားများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်လျက်ရှိပါသည်။ ကျေးရွာရှိ ဆင်းရဲသောအိမ်ထောင်စုများသည် မိတ်ဆွေမိသားစုများထံမှ နားလည်မှုဖြင့် ချေးယူကြပြီး တစ်ချို့မှာ သူတစ်ပါးဆီမှ ချေးယူခြင်းမရှိဘဲ နေထိုင်စားသောက်ကြသည်။ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်းမရှိပါ။

## ၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ဆိုင်ကယ်ကို ကျောင်းသား/သူများ သွားလာရေးအတွက်အသုံးပြုပြီး ကျိုင်းတုံမြို့သို့ သုံးဘီး၊ဆိုင်ကယ်တို့ဖြင့် သွားလာကြသည်။ လမ်းပန်း ဆက်သွယ်ရေး အတွက် သုံးဘီး(၂)စီး၊မော်တော်ဆိုင်ကယ် (၂၇)စီး၊ကား(၃)စီးနှင့် ထော်လာဂျီ(၁)စီးကို အသုံးပြုလျက်ရှိသည်။

ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး ပျက်စီးနေပြီး သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများ ဖြစ်ပေါ်နေပါသည်။ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်လိုကြပါသည်။ကျေးရွာချင်းဆက်လမ်းများသည်လည်း မြေသားလမ်းများဖြစ်သည့်အတွက် လမ်းပျက်စီးမှုများ ဖြစ်နေပါသည်။လမ်းမကောင်း သော်လည်း တစ်နှစ်ပတ်လုံးအသုံးပြုလျက်ရှိသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပါ။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးမရရှိဘဲ ဆိုလာအသုံးပြုသည့်အိမ်(၁၅)အိမ်သာ ရှိပြီး ကျန်အိမ်များမှာ ဖယောင်းတိုင်ကိုသာ အသုံးလျက်ရှိသည်။ ကျောင်းသား/သူများ၏ ပညာရေးတိုးတက်လာစေမှုနှင့်

အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုတို့အတွက် အထောက်အပံ့ဖြစ်စေရန် လျှပ်စစ်မီးရရှိရန်လိုအပ်လျက်ရှိပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုးဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားဝန်ဆောင်မှုလုပ်ငန်းများအတွင် အသင့်အတင့်သာ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုအနည်းငယ်ရှိပြီး ကျေးရွာတွင် စာကြည့်တိုက်လည်း မရှိပါ။ သတင်းစာ၊ ဂျာနယ်တို့ကိုဝယ်ယူဖတ်ရှုသူ လွန်စွာနည်းပါးပြီး တစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မြို့နယ်ဌာနများသို့ ဆက်သွယ်ရာတွင် အဓိကအားဖြင့် ကျေးရွာသူကြီး၊ ကျေးရွာစာရေးတို့မှတဆင့်သာ ဆက်သွယ်ကြပါသည်။ဆက်သွယ်ရေးအတွက် MPT,CDMA, Ooredoo,Telenor ဖုန်းလိုင်းများကို အသုံးပြုကြ သည်။ကျေးရွာတွင် ဖုန်း(၁၉)လုံး၊ တီဗီ (၅)လုံး၊စလောင်း(၅)လုံးနှင့် ရေဒီယို(၅)လုံးသာရှိသည်။

## ၆။ ပညာရေး

ကျေးရွာတွင် စာမတတ်သူဦးရေများပြားပြီး ဘွဲ့ရဦးရေလည်း မရှိပါ။ မူလတန်း ပညာပြီးမြောက်မှုမှာ စုစုပေါင်းလူဦးရေ၏(၃၇)ဦး၊အလယ်တန်းပညာပြီးမြောက်သူ(၈)ဦးနှင့် အထက်တန်း ပညာပြီးမြောက်သူ(၉)ဦးရှိသည်။ ကျေးရွာသူ/သားများသည် အသိပညာ အားနည်းကြသောကြောင့် ကလေးများစာတတ်မြောက်ရေးကို အလေးမထားကြပါ။

ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ အထက်တန်းကျောင်းကို ရွာနှင့်(၃)မိုင်ခန့်ဝေးသော လွယ်မွေ့မြို့ရှိ အ.ထ.ကကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ကြသည်။ စာသင်ကျောင်းကို သွပ်မိုး၊ပျဉ်ကာ၊ပျဉ်ခင်း ကျောင်းဆောင်တွင် တက်ရောက်သင်ကြားနိုင်သည်။ စာသင်ကျောင်းတွင် ကျောင်းသုံးပရိဘောဂနှင့် ယင်လုံအိမ်သာ လုံလောက်မှု ရှိသည်။ မူလတန်းအောင် ရာခိုင်နှုန်းမှာ အသင့်အတင့်ရှိသည်။

## ၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ပါခါးထက်ကျေးရွာသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့် (၃)မိုင်ကွာဝေးသော လွယ်မွေတိုက်နယ်ဆေးရုံသို့သွားရောက်ရပြီး ကျိုင်းတုံပြည်သူ့ဆေးရုံသို့လဲ တက်ရောက် ကုသကြသည်။ကျန်းမာရေးနှင့် ပတ်သတ်၍ ရာသီအလိုက် ကာကွယ်ဆေးထိုးခြင်း၊ အသိပညာပေးခြင်း ဟောပြောပွဲများလည်း ပြုလုပ်လျက်ရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် စိမ့်စမ်းရေကို သွယ်တန်း အသုံးပြုလျက်ရှိသော်လည်း နွေရာသီအချိန်တွင် လုံလောက်မှုမရှိပါ။ ချောင်းရေကို အသုံးပြုသည့် အိမ်ထောင်စုများလည်း အနည်းငယ်ရှိပါသည်။ သောက်သုံးရေများကို သန့်ရှင်းစွာ အသုံးပြုနိုင်ရန်အတွက် ရေအရည်အသွေးကို စမ်းသပ်စစ်ဆေးရန် လိုအပ်လျက်ရှိပါသည်။

အိမ်ထောင်စု(၂၂)အိမ်သာ ယင်လုံအိမ်သာသုံးစွဲလျက်ရှိပြီး ကျန်အိမ်ထောင်စုများမှာ တောထိုင်စနစ်ကိုသာ အသုံးပြုလျက်ရှိသောကြောင့် ရေကြောင့်ဆက်စပ် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ ရှိပါသည်။ **စာသင်ကျောင်းတွင် ယင်လုံအိမ်သာ စနစ်တကျဆောက်လုပ်ထားသည်။**

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် တစ်ခါတစ်ရံအအေးလွန်ကဲခြင်းမှလွဲ၍ တခြားသဘာဝဘေးအန္တရာယ်များ ကျရောက်လေ့မရှိသဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။

ပါခါးထက်ကျေးရွာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။အမှိုက်ကျင်းအဖြစ် သီးသန့်ထားရှိခြင်းမရှိကြသောကြောင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရန်အတွက် နည်းလမ်းပြမှုများ၊ပညာပေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်လျက်ရှိပါသည်။

## ၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာ ဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာတိုင်းရင်းသားယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း

စဉ်လားများ၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများမတွေ့ပါ။

ကျေးရွာ၏လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသမီးအရေအတွက်သည် အမျိုးသားလူဦးရေထက် လျော့နည်းကြောင်းတွေ့ရသည်။ ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘူယျအားဖြင့် ပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မအရေအတွက်မှာ ကျားအရေအတွက်ထက် နည်းနေပါသည်။ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင် ဖြစ်သည်။သို့သော်လည်း ကျေးရွာတွင် နေ့တွက် လုပ်အားခ ငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမှအလွန်အားနည်းသည်။ ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက် ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။